ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့
(၁၂. ၇. ၂၀၁၆)ရက်နေ့တွင် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် တိုက်တွန်းကြောင်းအဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ် အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်း နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင် ပေးရန်"**ဆိုတဲ့အဆိုဖြစ်ပါတယ်။ ယခုဒေါ်နန်းစမ်းစမ်းအေးက အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** အားလုံးမင်္ဂလာပါရှင်။လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါ၀ရပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်ရှင်။ ယနေ့အစည်းအဝေးမှာ **"ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင် ပေးရန်"**အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ရှမ်းပြည်နယ်လူ၀င်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်တွင် တိုင်းရင်းသားဒေသအတွင်း ရွှေ့ပြောင်းအခြေချနေထိုင်သူလုပ်သားများအား အိမ်ထောင်စုစာရင်းများ ထုတ်ပေးမည့်အကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်း အရာသန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်ရှိလူဦးရေ စုစုပေါင်းသည်(၅၈၂၄၄၃၂)ဦးရှိပါသည်။ ထိုထဲတွင် အသက် ၁၀ နှစ် နှင့် အထက်လူဦးရေကိုင်ဆောင်သည့် လက်မှတ်အမျိုးအစား အလိုက်ဖော်ပြချက်အရ လူ(၄၆၀၀၀၈၉)ဦးရှိပါသည်။ ထိုအနက်မှ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူမှာ လူ(၂၇၅၄၅၄၀) ဦးသာရှိပါသည်။ အဲဒီနိုင်ငံသားပြုခွင့်ရသူကတ်စသည်တို့က ဖယ်ရှားလိုက်လျှင် မည်သည့်ကတ်မှ ကိုင်ဆောင်ထားခြင်းမရှိသူမှာ လူ(၁၆၂၄၃၂၅)ဦးခန့် ရှိနေပါသည်။ ထို့ပြင်စစ်ပွဲကြောင့်နေရပ်ကို စွန့်ခွာနေထိုင်နေရသော စစ်ဘေးဒုက္ခသည်များ လူဦးရေ စုစုပေါင်းမှာ ၃၀၀၀၀ခန့်နှင့် နိုင်ငံခြားသို့ အလုပ်သွားရောက်လုပ် ကိုင်နေသော ရှမ်းပြည်နယ်မှရွှေ့ပြောင်းလုပ်သားများ ၁၀၀၀၀၀မှ ၃၀၀၀၀၀ခန့် ရှိသည်လည်း နိုင်ငံသားကတ်ပြား ကိုင်ဆောင်ခွင့်မရရှိ သေးသူများ ဖြစ်ကြသည်။ ၂၀၀၈အခြေခံဥပဒေအခန်း(၈) ဥပဒေပုဒ်မ ၃၄၅အရ "မြန်မာနိုင်ငံတော်၏ နိုင်ငံသားများသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီး သူဖြစ်ရမည်"ဟု ပါရှိသောကြောင့် မည်သည့်ကတ်မှမကိုင်ဆောင်ထားသည့်လူ ၁၀၀၀၀၀၀ ကျော်တို့မှာ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားလာသူ ဖြစ်ပါလျက်နှင့် နိုင်ငံသားကတ်ကိုင်ဆောင်နိုင်ခြင်း မရှိသည်မှာ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ခံစားခွင့်ဆုံးရှုံးလျက်ရှိနေပြီး ၂၀၀၈ အခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၉ အရ နိုင်ငံသား များသည် ပြည်သူ့ဝန်ထမ်းတာဝန် ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ် ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေး လုပ်ငန်းလုပ်ကိုင်မှု၊ အတတ်ပညာနှင့်မွေးဝမ်းကျောင်းပြုမှု၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှုတွင် တူညီသော အခွင့်အလမ်း ရရှိစေရမည်ဟု ပါရှိသော်လည်း နိုင်ငံသားကတ် ကိုင်ဆောင်နိုင်ခြင်း မရှိသူများမှာ ၎င်းတို့ရသင့် ရထိုက်သော အခွင့်အရေး များဆုံးရှုံးခြင်း၊ နိုင်ငံသားဖြစ်လျက်နှင့် နိုင်ငံမဲ့နေခြင်း အပြင်၊ လုံခြုံရေးဆိုင်ရာ အခွင့်အရေးများလည်း ဆုံးရှုံး လျက်ရှိနေပါသည်။ လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ထိုသူတို့၏ဆုံးရှုံးမှု များကို လျစ်လျူရှုလျက် ပြည်ပမှလာသော

၆ လ(သို့မဟုတ်) ၈ လ အခြေချနေထိုင်ပြီးတော့ ရွှေ့ပြောင်းလုပ်သားများအား အိမ်ထောင်စုစာရင်းများ ဦးစားပေး လုပ်ဆောင်ပေးခြင်းသည် အိမ်ထောင်စု စာရင်း အရေအတွက်များ ဖောင်းပွခြင်း၊ မှတ်ပုံတင် အရေအတွက် ဖောင်းပွခြင်းများ ဖြစ်ပွားစေရုံမက နောက်ရွေးကောက်ပွဲတွင် မဲမသမာမှုများလည်း ဖြစ်ပွားစေနိုင်သည့် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ် လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ပြဿနာများအား ကြိုတင်ကာကွယ်သော အားဖြင့်ယခုအချိန်သည် မိမိနိုင်ငံသားများကို နိုင်ငံသားအဖြစ် အသိအမှတ် ပြုပြီး နိုင်ငံသားကတ်လုပ်ဆောင်ပေးခြင်းမှာ နိုင်ငံတော်ကိုဦးဆောင် နေသော နိုင်ငံတော်အစိုးရ၏ တာဝန်တစ်ရပ် ဖြစ်သောကြောင့် ပြည်ပမှလာသောရွှေ့ပြောင်း လုပ်သားများအား ဦးစားပေး လုပ်ဆောင်ခြင်းထက် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသား များ၊ စစ်ဘေးဒဏ်သင့် ပြည်သူများ၊ ပြည်ထဲရေး စာရင်းထဲတွင် နာမည်မပေါက်သေးသော ရွာရှောင်၊ ရွာပုံးများတွင် နေထိုင်သော တိုင်းရင်းသားများ၊ နိုင်ငံခြားရောက် ရှမ်းပြည်နယ်မှ ရွှေ့ပြောင်း လုပ်သားများအား အိမ်ထောင်စုစာရင်း နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား အရင်ဆုံးနှင့် ဦးစားပေးလုပ်ဆောင်ပေးပါရန် ပြည်သူများကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းစိန်လူ၊သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ပြည်နယ်အစိုးရ အဖွဲ့အစည်းများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူဖြစ်ပါတယ်။သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းတဲ့**“ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေးဆောင်ရွက် ပေးပါရန်”** အဆိုကို လေးနက်စွာ ထောက်ခံ ပါကြောင်းတင်ပြအပ်ပါသည်။ ကျေးဇူးတငပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။**

**(သို့မဟုတ်)**

**အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။အဆိုမှာ **“ရှမ်းပြည်နယ် အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်”** အဆို ဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ဆန္ဒကိုရယူပါမယ်။ ၄င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါ သလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်းကြေညာပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးတင်သွင်းတဲ့ အဆိုကို ၂၀၁၆ခုနှစ် ဇူလိုင်လ ၁၃ရက်(ဗုဒ္ဓဟူး)နေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ကြောင်းကြေညာပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့
(၁၃. ၇. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသား စိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင်ပေးရန်" အဆိုဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျော်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)**။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါ စေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဖြစ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသည့်အဆိုဖြစ်သော **"ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်"** ဆိုသည့် အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်သည် လူမျိုးပေါင်းစုံ နေထိုင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများဆုံး ပြည်နယ်ဖြစ်ပါတယ်။ လက်နက်ကိုင် ပဋိပက္ခအဖြစ်ဆုံး ပြည်နယ်လည်း ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခကြောင့်သော် လည်းကောင်း၊ ဆင်းရဲ မွဲတေမှုကြောင့်သော်လည်းကောင်း၊ ဒေသခံဌာနေ တိုင်းရင်းသား အချို့မှာ မိမိနေရပ်ကို စွန့်ခွာပြီးအခြားဒေသသို့သော်လည်းကောင်း၊ အိမ်နီးချင်းတိုင်းပြည်များသို့သော်လည်းကောင်း သွားရောက်စားသောက်လုပ်ကိုင်နေရပါတယ်။ ယခုအခါ နိုင်ငံတော်၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာ၍ မိမိနေရပ်သို့ အသီးသီး ပြန်လာကြပြီးဆိုတာကိုလည်း ကြားသိရပါတယ်။ ဆယ်စုနှစ်များစွာ မိမိနေရပ်ကို စွန့်ခွာရ၍ မိမိ နေရင်းဒေသ၌ အချက်အလက်များ ပျောက်ဆုံးခြင်း၊ မိမိတို့မှ မွေးဖွားလာသော သားသမီးများသည် နေရပ်စွန့်ခွာစဉ်ကလသား၊ နှစ်သားအရွယ်သာဖြစ်သော်လည်း ယခုအခါ နိုင်ငံသားကတ်တစ်ခုခု ကိုင်ဆောင်သင့်သည့်အရွယ် ပြန်လည်ရောက်ရှိလာမည်ဖြစ် ပါတယ်။ ၎င်းတို့မှာ ယခုထက်ထိ နိုင်ငံသားကတ် မဆိုထားနှင့် အိမ်ထောင်စုစာရင်းမရှိသေးသည်ကို တွေ့ရပါတယ်။ ဒါကြောင့် အစိုးရ၏ ရက် ၁၀၀ သစ္စာ စီမံချက်ဖြစ်သော ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စု စာရင်းကို ဦးစားပေးထုတ်ပေးခြင်းထက် ပြန်လည်ရောက်ရှိလာသော ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်း ပြုလုပ်ပေးခြင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းက ပို၍သင့်တော်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုရက် ၁၀၀ စီမံချက်လုပ်ငန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့် အနည်းငယ် လွဲချော် နေသည်ကိုတွေ့ရပါတယ်။ လုပ်ထုံးလုပ်နည်းအရ မိမိအိမ်ထောင်စု စာရင်းပေါက်သော မြို့နယ်မှ

အခြားမြို့နယ်သို့ ပြောင်းရွှေ့လိုပါက မိမိအိမ်ထောင်စုစာရင်းပေါက်သော မြို့နယ်မှ ပုံစံ(၁၀)ကို အရင် ထုတ်ယူပြီးမှ အခြားပြောင်းရွှေ့လိုသည့် မြို့နယ်သို့ ပြောင်းဝင်ရ ပါတယ်။ ရက် ၁၀၀ စီမံချက်သည် ဤကဲ့သို့ မဟုတ်ဘဲ မိမိရောက်ရှိ နေသည့် မြို့နယ်မှ အိမ်ထောင်စုစာရင်းကိုအရင် ထုတ်ပေးပြီးမှ မိမိ အမည်ပေါက် မြို့နယ်က နောက်မှ အိမ်ထောင်စု စာရင်းပယ်ဖျက် မည်ဟုလုပ်ငန်းစဉ်ပါရှိရာ အကယ်၍ မိမိအမည်ပေါက် မြို့နယ်၌ မပယ်ဖျက်ရသေးပါက မြို့နယ် (၂) မြို့နယ်၌ အိမ်ထောင်စုစာရင်း (၂)ခုရှိနေသည့် သဘော သက်ရောက်နေပါတယ်။ ဒါကြောင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ ထုတ်ပြန်ထားသည့် ဥပဒေနှင့် နည်းနည်းလွဲ နေသည်ကိုတွေ့ရပါတယ်။ ရွှေ့ပြောင်း နေထိုင်လုပ်ကိုင်သူများအား အိမ်ထောင်စု စာရင်းဦးစားပေး ထုတ်ပေးမည်ဆိုပါက အောက်ပါအချက်များကို သတိပြုသင့်ပါတယ်-

(၁) **ဒေသခံများ၏အသံ၊ ဒေသခံများ၏ ဆန္ဒများကို လွှမ်းမိုးသွားနိုင်ခြင်း။** ယင်းအချက်နှင့် ပတ်သက်ပြီး ဆွေးနွေးရလျှင် ပြောင်းရွှေ့ အခြေချ နေထိုင်သူများ၏ ရည်ရွယ်ချက်သည် စားဝတ်နေရေး ဖူလုံမှုဖြင့် နေထိုင်မှု သက်သာရာရရှိရေး ရည်ရွယ်ချက်ဖြင့် ပြောင်း ရွှေ့နေထိုင်ကြခြင်းဖြစ်ပါတယ်။ပြောင်းရွှေ့ နေထိုင်သူများမှ မိမိပြောင်းရွှေ့နေထိုင်မည့် နေရာ၌ စီးပွားရေး၊လူမှုရေး၊ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးမည်ဟု ရည်ရွယ်ပြီး ပြောင်းရွှေ့ကြတာမဟုတ်ဘူး။ အများ အားဖြင့် မိမိကိုယ်တိုင် ဇာတိနေရာ၌ အလုပ် အကိုင်ရှားပါးမှု အသက်မွေးဝမ်းကျောင်း၌ အခက်အခဲရှိ၍ပြောင်းရွှေ့ နေထိုင်ကြရ ပါတယ်။ မည်ကဲ့သို့ နေရာဒေသ တစ်ခု၊ မြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်သူသည် ဒေသခံ ဆန္ဒမဲ ပေးနိုင်သူ လူဦးရေထက် ပိုမို များပြားလာပါက ရွေးကောက်ပွဲ၌ ဒေသခံများ၏ အသံ၊ ဒေသခံ များ၏ ဆန္ဒများအပေါ် လွှမ်းမိုးသွားနိုင်၍ ဌာနေ ဒေသခံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ဆုံးရှုံးသွားနိုင်သည်ကို တွေ့ရှိရပါတယ်။

(၂) **ကျူးကျော်နေထိုင်ခြင်း။** ပြောင်းရွှေ့နေထိုင်သူ များသည် မိမိ၏ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ စားဝတ်နေရေးအရ ပြောင်းရွှေ့နေရသဖြင့် မည်ကဲ့သို့ ပြောင်းရွှေ့နေထိုင်သည့်အခါ နေရာ အခက်အခဲဖြစ်ပါတယ်။ အချို့မှာအိမ်ငှါးနေထိုင် သူများနှင့် ကျူးကျော်နေထိုင်ကြရပါတယ်။ ကျူးကျော်နေထိုင်ကြပြီဆိုလျှင် မည်သူကိုမှ ဂရုမစိုက်ဘဲ မည်သည့် ဌာန၏စည်းမျဉ်း စည်းကမ်းကို မျှ ဂရုမစိုက်ဘဲ ကျူးကျော်နေထိုင်ကြသည်ကို မြန်မာနိုင်ငံအနှံ့တွေ့မြင်ရပါတယ်။ ပိုင်ရှင်ရှိသူခြံ များ၊ စည်ပင်ဌာနပိုင်လမ်းများ ၊ အစိုးရစီမံခန့်ခွဲ ပိုင်ခွင့်ရှိသောမြေများပေါ်၌ လည်းကောင်း ကျူးကျော်နေထိုင်ကြခြင်းစသဖြင့် အစိုးရမှဖြေရှင်း ရခက်သောကိစ္စရပ်များကို ပေါ်ပေါက်စေနိုင် ပါတယ်။

(၃) **ရာဇဝတ်မှုများထူပြောခြင်း။** ပြောင်းရွှေ့နေထိုင်သူများသည် ဒေသခံ ဌာနေတိုင်းရင်း သားများ နှင့် လူမှုရေးအရသဟဇာတဖြစ်ရန် မလွယ်ကူပါ။ သဟဇာတမဖြစ်ပါက ဒေသခံ များနှင့် ပဋိပက္ခဖြစ်ပွားလေ့ရှိပါတယ်။ ပဋိပက္ခဖြစ်ပွားလာပါက ရာဇဝတ်သည် မလွဲမသွေ ဖြစ်ပေါ်လာရပါတယ်။ ဥပမာရွှေ့ပြောင်းနေထိုင်သူများသည် မူဆယ် မြို့နယ်မှာ၂-၇-၂၀၁၆ ရက်နေ့တွင် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူးအား သွားရောက်တွေ့ဆုံရာ ၄င်းအချုပ်ခန်းမှာ ရှိသည့် အချုပ်သားဦးရေ ၃၀၀ ကျော်ရှိသည့် အနက် ၁၀ ရာခိုင်နှုန်းမှာ ဒေသခံ များဖြစ်ပြီး ကျန် ၉၀ ရာခိုင်နှုန်းမှာ ပြောင်းရွှေ့ နေထိုင်သူများဖြစ်ပါတယ်။ ပြောင်းရွှေ့နေထိုင်သူ များကို အိမ်ထောင်စုစာရင်း ဦးစားပေး လုပ်ဆောင်ခြင်းထက် ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်း နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအား ဦးစားပေး လုပ်ဆောင်ပေးရန် ဆိုသည့် အဆိုကို လေးလေး နက်နက် ထောက်ခံ ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းနောင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့် ဖြစ်ပါတယ်။ ၁၂-၇-၂၀၁၆ ရက်နေ့တွင် ဆွေးနွေးရန် ရှမ်းပြည်နယ်လွှတ်တော်ဆန္ဒဖြင့် သဘောတူညီချက်ရယူခဲ့ပြီး ဖြစ်သော သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသော“ရှမ်းပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ဦးစားပေးလုပ်ဆောင်ပေးရန်” အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏ အမြင့်ဆုံး ဥပဒေဖြစ်သည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၈)၊ ပုဒ်မ ၃၄၅အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသောသူသည် မြန်မာနိုင်ငံ၏ နိုင်ငံသားများ ဖြစ်သည်ဟု တွေ့မြင်ရပါသည်။ ရှမ်းပြည်နယ်မှာ နယ်မြေဒေသအရ သော်လည်းကောင်း၊ ငြိမ်းချမ်းရေး မရရှိသေး၍ သော်လည်းကောင်း၊ ကျန်ရှိနေသေးသော ဌာနေတိုင်းရင်းသား ပြည်သူအများစုမှာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင် မရရှိသေးပါ။ မှတ်ပုံတင်မရရှိသော မိဘနှစ်ပါးမှ မွေးဖွားလာသော သားသမီးများမှာလည်း နိုင်ငံသားတစ်ယောက် ရသင့်ရထိုက်သော အခွင့်အရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးရပါတယ်။ ထို့အပြင် အခြား တိုင်းတစ်ပါး နိုင်ငံမှ ယိုစိမ့်ဝင်လာမှုကို မကာကွယ်နိုင်ရုံသာမက ဌာနေတိုင်းရင်းသားများ၏ ဘဝလုံခြုံရေးဆိုင်ရာ အကာအကွယ် ရရှိမှုကိုလည်း ဆုံးရှုံးနေရပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်တွင် ရှမ်းတစ်မျိုးတည်းနေရုံမက ရှမ်းပြည်နယ်အတွင်းအတူလက်တွဲ နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအများစုမှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားကို အမှန် တကယ်လိုအပ်နေပါသော်လည်း နိုင်ငံတော်ဝန်ထမ်းများ သွားလာရန် လုံခြုံမှုနှင့် ဌာနရုံးများမရှိသောကြောင့်လည်းကောင်း၊ ဘာသာစကား အခက်အခဲကြောင့်သော်လည်းကောင်း၊ ငွေကြေး အကုန်အကျမတတ်နိုင်၍သော်လည်းကောင်း၊စစ်ဘေးဒဏ်ကြောင့် စာပေမတတ်သဖြင့် ရုံးသွားရန်ကြောက်ခြင်း၊ တာဝန်ရှိသူ ဝန်ထမ်းများ၏ ဆက်ဆံရေးကြမ်းတမ်းမှုရှိခြင်း၊ မြို့နှင့်အလှမ်းဝေးခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရရှိသေးသော ဌာနေတိုင်းရင်းသားအများအပြား ကျန်ရှိနေပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့များခင်ဗျား။ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား နိုင်ငံသားတိုင်းရရှိရေးမှာ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး ခြေလှမ်းအစတစ်ရပ်ပင်ဖြစ်ပါတယ်။ အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် အဂတိလိုက်စားမှုမရှိစေရန်နှင့် တိုင်းတစ်ပါးသားနိုင်ငံမှ လိမ်လည် လှည့်ဖြားလုပ်ဆောင်မှု မရှိစေရန်အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ စီမံကိန်းများ ချမှတ်၍ ဌာနေတိုင်းရင်းသားများ၏ အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးကို ပထမဦးစားပေး အနေနှင့် မြို့နယ်/ ကျေးရွာအဆင့်၊ တောင်တန်းဒေသပါ မကျန် လုပ်ဆောင်ပေးသင့်ကြောင်း သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး၏အဆိုကို လေးစားစွာ ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွမ်းလုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇော်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော် ကတော့ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ “ရှမ်းပြည်နယ်အတွင်းရှိ ဌာနေ

တိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်" အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအတွင်းမှာ တိုင်းရင်းသားပြည်သူ (၁၃၅) မျိုး မှီတင်းနေထိုင်လျက်ရှိပြီး ရှမ်းပြည်နယ်အတွင်းမှာတော့ တိုင်းရင်းသားလူမျိုးစု (၃၃) မျိုးရှိတယ်လို့ သိရှိမှတ်သားရပါတယ်။ ၎င်းတိုင်းရင်းသားများအနက် ကိုးကန့်တိုင်းရင်းသားများနဲ့ 'ဝ' တိုင်းရင်းသားများ အပါအဝင်ဖြစ်ပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြန်မာနိုင်ငံ အနှံ့အပြားမှာ ကိုးကန့်တိုင်းရင်းသား ၅ သိန်းကျော်ရှိပြီး ကိုးကန့် တိုင်းရင်းသားအများစုဟာ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကိုးကန့်တိုင်းရင်းသား များနှင့် 'ဝ'တိုင်းရင်းသားများဟာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် တိုင်းရင်းသားများ တန်းတူအခွင့်အရေး ဆုံးရှုံးနေတယ်လို့ ခံစားရပါတယ်။

တိုင်းရင်းသားများအနေနဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြား မရှိတဲ့အတွက် ခရီးသွားလာရေး၊ ကျန်းမာရေး၊ ပညာရေးနဲ့ လူမှု စီးပွားလုပ်ငန်းများ ဆောင်ရွက်တဲ့အခါ အခက်အခဲများ ကြုံတွေ့ ရင်ဆိုင်နေရပါတယ်။

သို့ဖြစ်ပါ၍ "ရှမ်းပြည်နယ်အတွင်းရှိ ဌာနေ တိုင်းရင်းသား များအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်" အဆိုကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေး အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်း ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူ ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် သီပေါ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ **"ရှမ်းပြည်နယ် အတွင်းရှိ ဌာနေတိုင်းရင်းသားများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးစားပေး လုပ်ဆောင်ပေးရန်"** အဆိုတင်သွင်းခြင်းနှင့် ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအစီရင်ခံစာအရ ရှမ်းပြည်နယ်တွင် မည်သည့်လက်မှတ်မှ ကိုင်ဆောင်ထားခြင်း မရှိသူ ၂. ၆ သန်းကျော်ရှိကြောင်း သိရှိရပါတယ်။ ဒီအရေအတွက် ကတော့ အထူးဒေသ (၂)၊ 'ဝ'ဒေသ၊အထူးဒေသ (၄)နှင့် မိုင်းလား ဒေသအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ နေရာတွေ အပါအဝင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာတော့ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုမှာ ရှမ်းပြည်နယ်တစ်ခုလုံး ကွက်ပြည့် ကောက်ယူနိုင်ခဲ့သာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ပါလျက် နိုင်ငံသား စိစစ်ရေးကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုး ကိုင်ဆောင်နိုင်ခြင်းမရှိသည့် နိုင်ငံသားများမှာ ၎င်းတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် အတွင်းရှိ ဒေသခံတိုင်းရင်းသားများအား ဦးစားပေး၍ တိုင်းရင်းသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ရာမှာ အဓိက လိုအပ်ချက်တစ်ခု ဖြစ်သည့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို လုပ်ဆောင်ပေးရန် ထောက်ခံဆွေးနွေးရပါတယ်။ သို့သော်လည်း ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေအရ ကိုင်ဆောင်သင့်သော ကတ်ပြား တစ်မျိုးမျိုးကို

ထုတ်ပေးခြင်းလုပ်ငန်း၌ အခြားဒေသတစ်ခုတွင် ရာဇဝတ်မှု ကျူးလွန်ပြီး ထွက်ပြေး တိမ်းရှောင်၍ ရောက်ရှိနေသူများ၊ နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်ပြီး ပြန်လည်ဝင်ရောက် လာသူများ အနက် နိုင်ငံခြား သွေးနှောနေသူများ၊ ခိုးဝင် နိုင်ငံခြားသားများ နိုင်ငံတော်ကို ဆန့်ကျင်ပြီး တရားမဝင် လက်နက်ကိုင်ဆောင်သည့် အဖွဲ့ဝင်များပါဝင်လာနိုင်တာကြောင့် စနစ်တကျဖြင့် ဥပဒေနှင့်အညီ သေသေချာချာစိစစ်ပြီး မှသာ ထုတ်ပေးသင့်ကြောင်း ထောက်ခံ ဆွေးနွေး အပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် က ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်တဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်း သော အဆိုကို ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်၊ မတ် လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ကောက်ယူခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဩဂုတ် လတွင် ရှေ့ပြေး အစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ မေလတွင် သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ ပါသည်။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခဲ့ရာ၌ ရခိုင်၊ ကချင်၊ နှင့် ကရင်ပြည်နယ်များရှိ ဒေသ အချို့မှ လွဲ၍ မြန်မာနိုင်ငံတစ်ဝှမ်းနှင့် ရှမ်းပြည်နယ်တစ်ခုလုံးတွင် ကွက်ပြည့်ကောက်ယူခဲ့ပါသည်။ သန်းခေါင်စာရင်း အစီရင်ခံစာအရ ရှမ်းပြည်နယ်၏ လူဦးရေမှာ (၅၈၂၄၄၃၂) ဦးဖြစ်ပြီး အဆိုပါ လူဦးရေများ၊ အနက် ၁၀ နှစ် အထက် လူဦးရေ (၄၆၀၁၁၈၉) ဦးရှိရာ ၎င်းအနက် ကတ်ပြား အမျိုးမျိုး ကိုင်ဆောင်သူမှာ (၂၉၇၄၈၁၄)ဦးဖြစ်ပါသဖြင့် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူမှာ (၁၆၂၆၃၇၅) ဦးဖြစ်ကြောင်း စာရင်း ကောက်ယူရရှိခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အိမ်ထောင်စု လူဦးရေစာရင်း အပါအဝင် မည်သည့်စာရွက်စာတမ်းအထောက်အထားပေါ်တွင်မျှ အခြေခံခြင်းမရှိဘဲ မြေပြင်ပေါ်ရှိ အခြေအနေအတိုင်း လွတ်လပ်စွာ ကောက်ယူခြင်း ဖြစ်ပါသဖြင့် အထက်ပါ စာရင်းထဲတွင် ရှမ်းပြည်နယ်၌ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နေထိုင်သူများနှင့် ရွှေ့ပြောင်းနေထိုင်သူများ၏ စာရင်းလည်း အပါအဝင်ဖြစ် သည်။

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနအနေဖြင့် အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ၁-၇-၂၀၁၁ ရက်နေ့မှစ၍ ကျေးရွာများ အရောက်ကွင်းဆင်း၍ မိုးပွင့် စီမံချက် များဖြင့် ဖြေလျှော့နည်းများအရ ဆောင်ရွက်ပေးခဲ့ရာ မိုးပွင့်အဆင့် ၁ မှ ၇ အထိလည်းကောင်း၊ မိုးပွင့်အထူးစီမံချက်၊ မိုးပွင့်အထူး အပိုင်း ၂ စီမံချက်၊ အခြေခံပညာကျောင်းများ ကွင်းဆင်းစီမံချက်များ ဖြင့်လည်းကောင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ယခုလက်ရှိ ကာလတွင်လည်း အခြေခံပညာကျောင်းများတွင်လည်းကောင်း၊ မြို့နယ်ရုံးများတွင်လည်းကောင်း ဆက်လက်ဆောင်ရွက်ပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် မိမိဝန်ကြီးဌာနမှ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေး လုပ်ငန်းအား ဆောင်ရွက်

လျက်ရှိရာ ၃၀-၆-၂၀၁၆ ရက်နေ့အထိ အိမ်ထောင်စုပေါင်း(၉၃၄၉၅၁၂) စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (၃၈၃၃၈၄၈၈) ဦး၊ ဧည့်နိုင်ငံသားလက်မှတ် (၃၆၅၇၄) ဦး၊ နိုင်ငံသား ခွင့်ပြုလက်မှတ်(၁၂၄၄၉၇) ဦး၊ အမျိုးသား မှတ်ပုံတင် သက်သေခံ ကတ်ပြား (၅၀၀၉၃၀) ဦး၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံ ကတ်ပြား (၂၀၄၆၇) ဦးနှင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် (၂၉၅၆၈) ဦး တို့အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ကိုင်ဆောင်သင့်သော မှတ်ပုံတင် တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အနေဖြင့် ၃၀-၆-၂၀၁၆ ရက်နေ့အထိ အိမ်ထောင်စုပေါင်း (၈၈၈၁၇၂) စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (၃၆၂၄၁၉၂) ဦး၊ ဧည့်နိုင်ငံသားလက်မှတ် (၇၅၃၇) ဦး၊ နိုင်ငံသားခွင့်ပြုလက်မှတ် (၁၁၅၂၂) ဦး၊ အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား(၁၄၉၈၈၉) ဦး၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံ ကတ်ပြား (၉၉၂၈) ဦးနှင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်(၃၉၄၄)ဦးတို့အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်ထုတ်ပေးမည့် လုပ်ငန်းသည် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ရွှေ့ပြောင်းနေထိုင်သူအများစု တို့သည်ရောက်ရှိရာအရပ်တွင် စားဝတ်နေရေးအတွက် အဓိကထား၍ နေထိုင်ကြသူများဖြစ်ပြီး နေထိုင်မှုပုံစံပေါ်မူတည်၍ အောက်ပါအတိုင်း ခွဲခြားတွေ့ရှိရပါသည်-

(က) **သာမန်ရွှေ့ပြောင်းနေထိုင်သူများ။** အလုပ်လုပ်ကိုင်ရန်၊ ပညာသင်ကြားရန်နှင့် အခြားအခြေအနေများကြောင့် မြို့ကြီးများ၊ အလုပ်အကိုင် အခွင့်အလမ်းပေါများသည့် မြို့ပြများ၊ စက်မှုလုပ်ငန်း ရှိသည့် မြို့များ၊ နယ်စပ်ဒေသများစသည့်အရပ် ဒေသများတွင် ဆွေမျိုးသားချင်းနှင့် အသိမိတ်ဆွေများ၏ နေအိမ်များတွင် လည်းကောင်း၊ နေအိမ် ငှားရမ်း၍လည်းကောင်း အိမ်ထောင်စု လူဦးရေ စာရင်းမရှိဘဲ နေထိုင်သူ များဖြစ်ပါသည်။ တစ်နည်းအားဖြင့် ယာယီရွှေ့ပြောင်း နေထိုင်ခြင်း မဟုတ်သူများအားလုံး တို့သည် သာမန်ရွှေ့ပြောင်း နေထိုင်သူများဖြစ်ပါသည်။

( ခ) **ယာယီရွှေ့ပြောင်းနေထိုင်သူများ။** အစိုးရဌာနပိုင် မြေ၊ သစ်တောကြိုးဝိုင်း၊ စည်ပင်ပိုင်၊ အဖွဲ့အစည်းပိုင်၊ ကုမ္ပဏီပိုင်၊ စီမံကိန်းပိုင်၊ သာသနာ့နယ်၊ ပုဂ္ဂလိကပိုင်၊ မြေနုကျွန်း၊ မီးရထားလမ်းဘေး၊ ကားလမ်းဘေးမြေ စသည့်နေရာများနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများက ခွင့်ပြုထားခြင်းမရှိသော မြေနေရာများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဝင်ရောက် နေထိုင်ကြသူများနှင့် မူလနေထိုင်ရာဒေသမှ အလုပ်အကိုင်အခွင့်အလမ်းရှိသည့် နယ်စပ်မြို့များ၊ ရွှေတွင်း၊ ကျောက်မျက်မော်၊ ရေနံတွင်း အစရှိသည့် သယံဇာတများ ထွက်ရှိရာဒေသများ၊ ပင်လယ် ကမ်းခြေ၊ မြစ်ချောင်းကမ်းနားစသည့် ဒေသများတွင် ကြုံရာကျဘမ်း ရွှေ့ပြောင်းအလုပ်လုပ်ကိုင်၍ နေထိုင်ကြသူများ ဖြစ်ကြပါသည်။

အဆိုပါ လုပ်ငန်းအား ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့်အခက်အခဲများ ဖြေရှင်း ဆောင်ရွက် ရာတွင် အဓိကလိုအပ် ချက်များအနက် တစ်ခုအပါအဝင်ဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်မှတ်ပုံတင် တစ်မျိုးမျိုး ထုတ်ပေးရန်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းအား ဆောင်ရွက်ရန်အတွက် အခြေခံ လုပ်ငန်း (စံနှုန်း)အား ဗဟုသုတရရှိအောင် အောက်ပါအတိုင်း သတ်မှတ်ထားပါကြောင်း ဆက်လက်၍ တင်ပြပေးသွားမှာဖြစ်ပါတယ်-

(က) **သာမန်ရွှေ့ပြောင်းနေထိုင်သူများအား ဆောင်ရွက်ပေးမည့် သတ်မှတ်ချက်များ။** ရက် ၁၀၀ စီမံချက်ဖြင့် အောက်ပါအတိုင်း ပြုလုပ် ပေးသည့် လုပ်ငန်းများဖြစ်ပါတယ်-

(၁) မူလဒေသတွင် အိမ်ထောင်စု လူဦးရေ စာရင်းရှိသူဖြစ်ပါက လက်ရှိဒေသတွင် ၆လ နေထိုင်သူဖြစ်ပြီးလျှင် တိုင်းရင်းသား များအား အိမ်ထောင်စု လူဦးရေစာရင်း ပေးမည်။ ရသင့်သည့်ကတ်ပြားပေးမည်။

(၂) မူလဒေသတွင် အိမ်ထောင်စု လူဦးရေ စာရင်းမရှိသော်လည်း နေထိုင်ခဲ့ကြောင်း မှန်ကန်ပါက လက်ရှိဒေသတွင် ၃ နှစ် အောက် ၆ လအထက် နေထိုင်သူ တိုင်းရင်းသားများအား အိမ်ထောင်စု လူဦးရေ စာရင်းယာယီပေးမည်။ကတ်ပြား မပေးပါ။

(၃) ၃နှစ်အထက် နေထိုင်ပြီးမှသာ အိမ်ထောင်စု လူဦးရေစာရင်းယာယီမှ အိမ်ထောင်စု လူဦးရေစာရင်းသို့လဲလှယ် ထုတ်ပေးမည်။ ရသင့်သည့်ကတ်ပြား ပေးမည်။

(၄) မူလဒေသတွင် အိမ်ထောင်စု လူဦးရေ စာရင်းရှိသူဖြစ်ပါက လက်ရှိဒေသတွင် ၆ လအောက် နေထိုင်သူများအား စာရင်း ပြုစုမှတ်တမ်းထားရှိမည်။

(၅) ၆ လကျော်လျှင် ၎င်းတို့အား အိမ်ထောင် စု လူဦးရေ စာရင်းပေးပြီး ရသင့်သည့် ကတ်ပြားထုတ်ပေးမည်။

(၆) မူလဒေသတွင် အိမ်ထောင်စု လူဦးရေ စာရင်းမရှိ၊ နေထိုင်ခဲ့ခြင်းမရှိသူများအား စာရင်းပြုစု မှတ်တမ်းထားရှိ၍ တစ်မှုချင်း အလိုက် စဉ်းစားမည်။

(၇) တစ်ဦးချင်းနေထိုင်သူများအား တစ်မှုချင်း အလိုက် စဉ်းစားမည်။

(၈) အထက်ပါအမျိုးအစားအလိုက် တိုင်းရင်းသား မဟုတ်သူ သွေးနှောများအား စာရင်းပြုစုထားရှိပြီး သီးခြား စဉ်းစားမည်။

(ခ) **ယာယီရွှေ့ပြောင်းနေထိုင်သူများအား ဆောင်ရွက် ပေးမည့်သတ်မှတ်ချက်များ။**

(၁) ၃ နှစ်အထက်နေထိုင်သူ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသူများ စာရင်းပြုစုထားရှိမည်။

(၂) ၃ နှစ်အထက်နေထိုင်သူ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ခြင်းမှန်ကန်သူများအား စာရင်းပြုစုထားရှိမည်။

(၃) ၃ နှစ်အထက်နေထိုင်သူ မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ခြင်းမရှိသူများအား စာရင်းပြုစုထားရှိ မည်။

(၄) ၃ နှစ်အောက် ၆ လ အထက်နေထိုင်သူ မူလဒေသတွင် အိမ်ထောင်စု လူဦးရေ စာရင်း မရှိ၊ နေထိုင်ခဲ့ခြင်းမရှိသူများအား စာရင်းပြုစုထားရှိမည်။

(၅) ၃ နှစ် အောက် ၆ လ အထက် မူလဒေသ အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ခြင်း မှန်ကန်သူများအား စာရင်းပြုစုထားရှိမည်။

(၆) ၃ နှစ် အောက် ၆ လ အထက် မူလဒေသ အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ နေထိုင်ခဲ့ခြင်း မရှိသူ စာရင်းပြုစုထား ရှိမည်။

(၇) ၆ လ အောက် နေထိုင်သူအားလုံးကို စာရင်းပြုစုထားရှိမည်။

(၈) အထက်ပါ အမျိုးအစားအလိုက် တိုင်းရင်းသားမဟုတ်သူ သွေးနှောများအား စာရင်း ပြုစုထားရှိပြီးသီးခြားစဉ်းစားမည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အထက်ဖော်ပြပါ အခြေခံလုပ်ငန်းစဉ် စံနှုန်းသတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ နည်းလမ်း များအား ဆောင်ရွက်လျက်

ရှိပါသည်-

(က) ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ၏ အိမ်ထောင်စု လူဦးရေစာရင်းကောက်ယူခြင်း။

( ခ) အခြေခံလုပ်ငန်းစဉ်စံနှုန်းသတ်မှတ်ချက်များနှင့် အညီ မှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်း။

( ဂ) စိစစ်မှန်ကန်သူများကို သတ်မှတ်ထားသော အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင် သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးခြင်း။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုလို ရွှေ့ပြောင်းနေထိုင်သူများအား ဒေသအလိုက် နေထိုင်မှု ပုံစံအပေါ် မူတည်၍ သာမန်ရွှေ့ပြောင်း နေထိုင်သူများနှင့် ယာယီရွှေ့ပြောင်းနေထိုင်သူများဟူ၍ ခွဲခြား စာရင်း ကောက်ယူပြီးနောက် မှန်ကန်မှုရှိ/မရှိ မူလနေထိုင်ခဲ့သောမြို့နယ်သို့ ပေးပို့ စိစစ်ပြီး မှန်ကန်မှုရှိသူများကိုသာ ကာယကံရှင်များ၏ လျှောက်ထားချက်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ မည်သည့်အခြေအနေဖြင့် နေထိုင်ကြောင်း ထောက်ခံချက်တို့အရ သတ်မှတ်ထားသော အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင် တစ်မျိုးမျိုးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် သာမန်ရွှေ့ပြောင်းနေထိုင်သူများအနက် မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်းရှိသူဖြစ်ပြီး လက်ရှိဒေသတွင် ၆ လ နေထိုင်ပြီး ဖြစ်သည့် တိုင်းရင်းသားများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြား ဆောင်ရွက်ပေးမည်ဖြစ် ပါသည်။ မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်း မရှိ သော်လည်း နေထိုင်ခဲ့ကြောင်း မှန်ကန်သူများအနက် လက်ရှိ ဒေသတွင် ၆ လ နေထိုင်ခဲ့သည့် တိုင်းရင်းသားများအား အိမ်ထောင်စု လူဦးရေစာရင်း ယာယီ ထုတ်ပေးထားမည်ဖြစ်ပြီး ၃ နှစ်အထက် နေထိုင်ပြီးမှသာ အိမ်ထောင်စုစာရင်း ယာယီမှ အိမ်ထောင်စု လူဦးရေစာရင်းသို့ လဲလှယ်၍ အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြား ဆောင်ရွက် ပေးမည်ဖြစ်ပါသည်။ ဖော်ပြပါ မှန်ကန်သူများအပ ကျန်သာမန် ရွှေ့ပြောင်း နေထိုင်သူများနှင့် ယာယီရွှေ့ပြောင်း နေထိုင်သူများအား စာရင်းမှတ်တမ်းပြုစုထားရှိပါသည်။

ရက် ၁၀၀ သစ္စာစီမံချက်၏ မူရင်းသဘော ရည်ရွယ်ချက်မှာ မိမိအရပ်ဒေသတွင် စီးပွားရေး၊ ပညာရေး၊ လူမှုရေး အကြောင်း အမျိုးမျိုးကြောင့် မနေဖြစ်ဘဲ မြန်မာနိုင်ငံအတွင်း အခြားဒေသများသို့ပြောင်းရွှေ့၍ စီးပွားရေး၊ ပညာရေးတိုးတက်မှုအတွက် နေထိုင်လျက်ရှိသော ပြည်သူတစ်ရပ်လုံးကို ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း နေထိုင်သူ ပြည်သူအားလုံးကို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ သက်ဆိုင်သည့် စိစစ်ရေး ကတ်ပြား တစ်မျိုးမျိုး စိစစ်ထုတ်ပေးခြင်း လုပ်ငန်းကိုလည်း မြန်မာနိုင်ငံအနှံ့အပြား ဆောင်ရွက်လျက်ရှိ သကဲ့သို့ ရှမ်းပြည်နယ်အတွင်းတွင်လည်း အနှံ့အပြား ဆောင်ရွက်ပေးလျက်ရှိပါသည်။

တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသောသူများသည် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေ ပုဒ်မ ၅ အရ မွေးရာပါ နိုင်ငံသား များဖြစ်ကြပြီး နိုင်ငံခြား တိုင်းပြည်တစ်ခုခုတွင် နိုင်ငံသားအဖြစ် ခံယူမှသာ မြန်မာနိုင်ငံသားအဖြစ်ကို ဆုံးရှုံးရမှာ ဖြစ်ပါတယ်။ အခြားအကြောင်း မည်သို့ပင်ရှိစေကာမူ မြန်မာနိုင်ငံသားအဖြစ်ကို မဆုံးရှုံး သဖြင့် နိုင်ငံသားဖြစ်လျက်နှင့် နိုင်ငံမဲ့နေသည်ဆိုသည်မှာ မဟုတ် ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

ဖြေလျော့နည်းများအရ ကျေးရွာအရောက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းများဖြစ်သည့် မိုးပွင့်စီမံချက်များ ဆောင်ရွက်ခဲ့ရာ၌လည်း မြို့နယ် လဝကရုံးမှ ကြိုက်နှစ်သက်သည့် ကျေးရွာအုပ်စုသို့ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းမျိုး မဟုတ်ဘဲ မြို့နယ်၌ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံသည့် အစည်းအဝေး များတွင် ကြေညာပြီး လုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်သည့် ကျေးရွာများမှ စုစည်းပေးပြီး ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးများမှ ချိန်းဆိုဖိတ်ခေါ်ပါက မြို့နယ်/ကျေးရွာအုပ်စု နိုင်ငံသား စိစစ်ရေးအဖွဲ့များနှင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါ

သည်။ ကျေးရွာတွင်ဆောင်ရွက်ရာ၌လည်း ကျေးရွာ အုပ်ချုပ်ရေးမှူးမှ ဆင့်ဆိုပေးသည့် အလွှာရှင်များကိုသာ ဆောင်ရွက်ပေးရခြင်းဖြစ်ပြီး မြေပြင်ပေါ်ရှိ ကျေးရွာအနေအထားအတိုင်း ကွင်းဆင်းဆောင်ရွက် ကြခြင်းဖြစ်ပါ၍ ပြည်ထဲရေးစာရင်း အမည်ပေါက်ခြင်း/မပေါက်ခြင်းပေါ်တွင် အခြေခံခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ လုပ်ငန်းတစ်ရပ်ဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့အစရှိသည့် ဆက်စပ်ဌာနများမှ တစ်ဖက်နိုင်ငံတွင် အတိဒုက္ခရောက်နေသော ထိန်းသိမ်း ခံနေရသည့် မိမိနိုင်ငံသို့ ပြန်လည် လွှဲပြောင်းပေးရန်ရှိသည့် မိမိ နိုင်ငံသားများ၏ အချက်အလက်များကို မေးမြန်းစုံစမ်း အတည်ပြုသည့် ဖြစ်စဉ်များ၌လည်း မြို့နယ်အလိုက် စိစစ်ပြန်ကြားပေးရသည့် တစ်ဖက်နိုင်ငံရောက် နိုင်ငံသားများတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်များ ဖော်ပြပါရှိသည်ကိုသာ စိစစ်တွေ့ရှိရပါသည်။ ထို့အပြင် လဝကဦးစီးဌာန၊ အလုပ်သမားဦးစီးဌာန၊ မြန်မာနိုင်ငံရဲ သတင်းတပ်ဖွဲ့များနှင့်ပူးပေါင်း၍ ထိုင်းနိုင်ငံရှိ စခန်းများတွင် အခြေပြုပြီး မိမိနိုင်ငံသား ရွှေ့ပြောင်း လုပ်သားများအား ယာယီ မြန်မာနိုင်ငံကူး လက်မှတ် စိစစ်ထုတ်ပေးရာ၌လည်း လာရောက် လျှောက်ထားသူ တိုင်းရင်းသားအများစုမှာ နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ကိုင်ဆောင်၍ လာရောက်လျှောက်ထားကြသူများ ဖြစ်ကြပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသား စိစစ်ရေးကတ်ပြား မတင်ပြနိုင်ပါကလည်း မိမိနိုင်ငံ တိုင်းရင်းသားဖြစ်ကြောင်း စိစစ်၍ ယုံကြည်မှုရှိလျှင် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ကို ဆောင်ရွက် ထုတ်ပေးလျက်ရှိပါသည်။ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများကိုလည်း လဝကလုပ်ငန်းရှုထောင့်မှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်း နေထိုင်သော ပြည်သူအချို့မှ နိုင်ငံသားစိစစ်ရေးကတ်ပြား အပါအဝင် ထိုက်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး လုံးဝမရှိသေးသူများ ကျန်ရှိနေသေးပါသဖြင့် ဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ မြို့နယ်လဝကရုံးသို့ အကြောင်းကြားချက်များရှိပါကလည်း သက်ဆိုင်ရာ မြို့နယ်လဝကရုံးအား ကွင်းဆင်း ဆောင်ရွက်ရေး ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်သွားရန် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထက်တွင် ညွှန်ကြားခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက် များနှင့်ပတ်သက်ပြီး ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခက်အခဲများ ဖြေရှင်းဆောင်ရွက်ရာတွင် အဓိက လိုအပ်ချက်များအနက် တစ်ခု အပါအဝင် ဖြစ်သော အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင် သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရန် ရည်ရွယ်၍ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အိမ်ထောင်စု စာရင်းအရေအတွက်များ ဖောင်းပွခြင်း၊ မှတ်ပုံတင် အရေအတွက်ဖောင်းပွခြင်းများ မဖြစ်စေရန် အခြေခံ လုပ်ငန်းစဉ် (စံနှုန်း)များ သတ်မှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေသော လုပ်ငန်း စီမံချက်ဖြစ်ပါကြောင်းနှင့် ပြည်သူများ လိုအပ်ချက် ရှိပါကလည်း ဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သွားရောက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားရင်း ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုအား ထောက်ခံပါကြောင်းနှင့် ၎င်းအဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်ကဒီအဆိုကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးပြီး အတည်ပြုရန် သဘောတူတဲ့အတွက် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို အတည်ပြုရန်လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို အတည်ပြုရန် သဘောထားပေးပါတယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။ )**

လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။